ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

အမှတ်( )သတ္တုတွင်းလုပ်ငန်း

နှင့်

------------------------------------- ကုမ္ပဏီလီမိတက်

တို့၏

----------တိုင်းဒေသကြီး/ပြည်နယ်၊ --------မြို့နယ်၊
----------------အကြီးစား ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့် လုပ်ငန်းသဘောတူစာချုပ်
စာချုပ်အမှတ် - ( )/သတလ.-------- /၂၀၁၈

နေပြည်တော် ၂၀၁၈ ခုနှစ်၊ လ( )ရက်

## မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ရည်ရွယ်ချက် | |
| ၂။ | ကိုယ်စားပြုခြင်းနှင့် အာမခံခြင်း | |
| ၃။ | အဓိပ္ပာယ်ဖွင့်ဆိုချက် | |
| ၄။ | လုပ်ကိုင်ခွင့်ရှိသောလုပ်ကွက် | |
| ၅။ | လုပ်ငန်းအစီအစဉ် | |
| ၆။ | ရင်းနှီးမြှုပ်နှံမှုပမာဏ | |
| ၇။ | ထူထောင်မှုနှင့် တူးဖော်ထုတ်လုပ်ခြင်း | |
| ၈။ | စာချုပ်သက်တမ်း | |
| ၉။ | အထွေထွေတာဝန်များ | |
| ၁၀။ | သဘာဝပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်ထိခိုက်မှုလျော့နည်းစေရေးအတွက် လေ့လာဆန်းစစ်ချက်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးစီမံချက် | |
| ၁၁။ | ဓာတ်သတ္တုခွန်နှင့် ပုံသေမြေငှားရမ်းခ | |
| ၁၂။ | ထုတ်လုပ်မှုအပေါ်ခွဲဝေခံစားခြင်း | |
| ၁၃။ | ထုတ်ကုန်ပစ္စည်းတန်ဖိုးသတ်မှတ်ခြင်း | |
| ၁၄။ | သိုလှောင်ခြင်း၊လွှဲပြောင်းခြင်းနှင့် သယ်ယူရောင်းချခြင်း | |
| ၁၅။ | အခွန်အကောက်များ | |
| ၁၆။ | အာမခံထားရှိခြင်း | |
| ၁၇။ | လုပ်ငန်းသုံးစက်ပစ္စည်းကိရိယာများ | |
| ၁၈။ | အဆိုပြုငွေ | |
| ၁၉။ | ငွေပေးချေခြင်း | |
| ၂၀။ | အငြင်းပွားမှုဖြေရှင်းခြင်း | |
| ၂၁။ | စီမံခန့်ခွဲခြင်း | |
| ၂၂။ | လုပ်ငန်းများ ကြီးကြပ်ဆောင်ရွက်ခြင်း | |
| ၂၃။ | အာမခံစပေါ်ငွေ | |
| ၂၄။ | စာချုပ်ရပ်စဲခြင်း | |
| ၂၅။ | ထိန်းသိမ်းခြင်း | |
| ၂၆။ | မှတ်တမ်းများ၊ ငွေစာရင်းများနှင့် စာရင်းစစ်ဆေးခြင်း | |
| ၂၇။ | မလွန်ဆန်နိုင်သော ဖြစ်ရပ်များ | |
| ၂၈။ | အခြားဓာတ်သတ္တုပစ္စည်းများ တွေ့ရှိခြင်း | |
| ၂၉။ | လွှဲပြောင်း၍မရနိုင်သောအခွင့်အရေး | |
| ၃၀။ | အထွေထွေ | |
| ၃၁။ | အကျိုးသက်ရောက်မှု | |
| ၃၂။ | အစစ်အမှန်ဖြစ်ခြင်း | |

**နောက်ဆက်တွဲများ**

၁။ ခွင့်ပြုလုပ်ကွက်၏ နယ်နိမိတ်ပြမြေပုံနှင့် ရှင်းလင်းဖော်ပြချက် နောက်ဆက်တွဲ(က)
၂။ ခွင့်ပြုလုပ်ကွက်၏ တည်နေရာပြ မြေပုံ နောက်ဆက်တွဲ(က-၁)
၃။ ခွင့်ပြုလုပ်ကွက်၏ဧရိယာအကျယ်အဝန်းနှင့်ပုံသဏ္ဌာန်ပြမြေပုံ နောက်ဆက်တွဲ(က-၂)
၄။ မြေစာရင်းပုံစံ (၁၀၅) နောက်ဆက်တွဲ(က-၃)

---------တိုင်းဒေသကြီး၊ ----------မြို့နယ်
-----------------အကြီးစား ထုတ်လုပ်မှုအပေါ်ခွဲဝေခံစားသည့်လုပ်ငန်းသဘောတူစာချုပ်

ဤလုပ်ငန်းသဘောတူစာချုပ်ကို ၂၀၁၄ခုနှစ်၊ လ( )ရက်နေ့တွင် ---------------၊ ဦးဆောင်ညွှန်ကြားရေးမှူးကိုယ်စားပြုသော **"အမှတ်( )သတ္တုတွင်းလုပ်ငန်း"၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန**၊ ရုံးအမှတ်(၁၉)၊ နေပြည်တော်၊ (နောင်တွင် **"သတလ( )"** ဟုခေါ်ဆိုမည်ဖြစ်ပြီး၊ အဆိုပါ စကားရပ်၌ ယင်းအားဆက်ခံသူများ၊ ဥပဒေအရလွှဲအပ်ခြင်းခံရသူများပါဝင်သည်)ကတစ်ဖက်နှင့် ဦး/ဒေါ်------------- (နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊-------------------) မန်နေးဂျင်းဒါရိုက်တာ ကိုယ်စားပြုသော မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရ တရားဝင်ဖွဲ့စည်းထားသော အမှတ်၊ -------------၊-----------လမ်း၊ -------------- ရပ်ကွက်၊ ------------ မြို့နယ်၊----------တိုင်းဒေသကြီးတွင်တည်ရှိသည့် **"--------------------------ကုမ္ပဏီ လီမိတက်"** (နောင်တွင် **"ကန်ထရိုက်တာ"** ဟုခေါ်ဆိုမည်ဖြစ်ပြီး၊ အဆိုပါစကားရပ်၌ ယင်းအားဆက်ခံသူများ၊ တရားဝင်ကိုယ်စားလှယ်များ၊ ဥပဒေအရ လွှဲအပ်ခြင်းခံရသူများပါဝင်သည်)က အခြားတစ်ဖက်တို့သည် အောက်ပါသဘောတူညီချက်များနှင့်အညီ နှစ်ဖက် သဘောတူစာချုပ်ချုပ်ဆိုကြပါသည်-

**အပိုင်း(၁)**

**ရည်ရွယ်ချက်**

၁။ အောက်ပါအတိုင်း ရည်ရွယ်ချက်များ ထားရှိပါသည်-

(က) နှစ်ဦးနှစ်ဖက် ထုတ်လုပ်မှုအပေါ်ခွဲဝေခံစားသည့်စနစ်ကို အခြေခံ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရမှ လုပ်ကိုင်ခွင့်ချမှတ်ပေးသည့် -----------တိုင်းဒေသကြီး/ ပြည်နယ်၊ ----------မြို့နယ်၊ ---------------ကျေးရွာအုပ်စု၊ ------------လုပ်ကွက်တွင် -------------အကြီးစားတူးဖော် ထုတ်လုပ်ခြင်း လုပ်ငန်းအား သတလ( )နှင့် ကန်ထရိုက်တာတို့ ပူးပေါင်းဆောင်ရွက်ရန်။

(ခ ) ----------------တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းနှင့် သက်ဆိုင်သောစီမံခန့်ခွဲခြင်း၊ ကျွမ်းကျင်မှုဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ခြင်းတို့အတွက် ငွေကြေးကုန်ကျစရိတ်များကို ကန်ထရိုက်တာကတာဝန်ယူစေပြီး၊ အပိုင်း(၄)တွင်ဖော်ပြထားသည့် ဤလုပ်ငန်းသဘောတူစာချုပ်အရ လုပ်ကိုင်ခွင့်ရှိသော လုပ်ကွက်တွင် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ တူးဖော်ထုတ်လုပ်ခွင့်နှင့် ပြည်တွင်း/ ပြည်ပ ရောင်းချခွင့်

တို့ရရှိစေရန်၊ သတလ(        )မှ တာဝန်ယူလျက် ထုတ်လုပ်မှုအပေါ်ခွဲဝေ ခံစားသည့်စနစ်ဖြင့် ဆောင်ရွက်ကြရန်။

(ဂ) --------------တူးဖော် ထုတ်လုပ်ရေးလုပ်ငန်းများကို ကန်ထရိုက်တာ နှင့် ပူးပေါင်းလုပ်ကိုင်ခြင်းဖြင့် နိုင်ငံတော်မှ ဓာတ်သတ္တုထုတ်ကုန် တိုးတက်ရရှိရေး၊ ပြည်တွင်းလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေး ပြည်ပပို့ကုန် တိုးမြှင့်ရရှိနိုင်ရေး၊ နိုင်ငံခြားဝင်ငွေတိုးတက်ရရှိစေရေးနှင့် နိုင်ငံတော်၏ ဓာတ်သတ္တုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ဃ) ------------တူးဖော်ထုတ်လုပ်ခြင်းဖြင့် ဒေသဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ဒေသခံလူ့အဖွဲ့အစည်း၏ လူမှုစီးပွားအကျိုးသက်ရောက်မှုရှိစေရန်နှင့်ဓာတ်သတ္တုတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း၌ အသက်မွေး ဝမ်းကျောင်းပြုလုပ်သည့် လုပ်သားများနှင့် ဒေသခံပြည်သူတို့ အလုပ်အကိုင်အသစ်များရရှိပြီး၊ လူမှုရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရန်၊

(င) -----------ထုတ်လုပ်မှုကြောင့် ပတ်ဝန်းကျင် ထိခိုက်ယိုယွင်းပျက်စီးမှု အနည်းဆုံးဖြစ်စေရေးကို အလေးထားဆောင်ရွက်ရန်။

## အပိုင်း(၂)
## ကိုယ်စားပြုခြင်းနှင့် အာမခံခြင်း

၂။ ဤလုပ်ငန်းသဘောတူစာချုပ်ကိုချုပ်ဆိုကြသော စာချုပ်ဝင်တို့သည် ဤလုပ်ငန်းသဘောတူစာချုပ်ချုပ်ဆိုရန်အတွက် တည်ဆဲဥပဒေများအရ လုပ်ပိုင်ခွင့်၊ အခွင့်အာဏာနှင့် စီးပွားရေးအရ ခိုင်မာတောင့်တင်းခြင်းရှိ ကြောင်း ကို အသီးသီးကိုယ်စားပြု အာမခံကြပါသည်။

## အပိုင်း(၃)
## အဓိပ္ပာယ်ဖွင့်ဆိုချက်

၃။ ဤလုပ်ငန်းသဘောတူစာချုပ်တွင် အသုံးပြုမည့်စကားရပ်များကို အောက်ပါအတိုင်း အဓိပ္ပါယ်ကောက်ယူရမည်-

(က) **"------------သတ္တုရိုင်း (သို့မဟုတ်)-------------(စက်မှုတွင်းထွက်ကုန်ကြမ်း)"** ဆိုသည်မှာ ဤလုပ်ငန်း သဘောတူစာချုပ်အရ လုပ်ကိုင်ခွင့်ရှိသော လုပ်ကွက်အတွင်းမှ တွင်းထွက်အတိုင်းထုတ်ယူရရှိသောသတ္တုရိုင်း/ -----------စက်မှုတွင်းထွက်ကုန်ကြမ်း) ကိုဆိုလိုသည်။

(ခ) --------------သတ္တုဆိုသည်မှာ တွင်းထွက်အတိုင်းဖြစ်စေ၊ တွင်းထွက်အား ဆင့်တက်ပြုပြင်၍ဖြစ်စေ၊ ရောင်းတန်းဝင်သော သတ္တုကိုဆိုသည်။ **သယံဇာတနှင့်သဘာဝ**

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**မှ သတ်မှတ်ထားသောသတ္တုပါဝင်မှုရာခိုင်နှုန်း ရှိရမည်။ (သို့မဟုတ်) ခဲမဖြူ/ အဖြိုက်နက်/ ခဲမဖြူ၊အဖြိုက်နက်ရောရာသတ္တုသန့်စင် ဆိုသည်မှာ---------------၆၅%ထက်မနည်းပါဝင်သည့် သတ္တု သန့်စင်ကိုဆိုသည်။

(ဂ) ဆက်စပ်သတ္တု (Associated Minerals) ဆိုသည်မှာ လုပ်ငန်းသဘောတူစာချုပ်အရ လုပ်ကိုင်ခွင့်ရှိသော လုပ်ကွက်အတွင်းရှိ ----------------------- သတ္တုရိုင်းများ နှင့်အတူ ဘူမိဗေဒဖြစ်စဉ်အရ တွဲစပ်ပါဝင်လျက်ရှိသော တွင်းထွက်သတ္တုရိုင်းများကို ဆိုလိုသည်။

(ဃ) **"ထုတ်လုပ်မှုလုပ်ငန်း"**ဆိုသည်မှာ သတ္တုသိုက်မှ ------------သတ္တုရိုင်း(သို့မဟုတ်)-- ---------------(စက်မှုတွင်းထွက်ကုန်ကြမ်း)ကို စီးပွားဖြစ်ထုတ်လုပ်နိုင်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်း အားလုံးကို ဆိုလိုသည်။

(င ) **"ဘဏ္ဍာရေးနှစ်"** ဆိုသည်မှာ နှစ်စဉ်ပြက္ခဒိန်နှစ်တစ်နှစ်၏ ဧပြီလ(၁)ရက်နေ့မှ အစပြု၍ နောင်လာမည့်နှစ်၏ မတ်လ(၃၁)ရက်နေ့အထိ (၁၂) လကာလကို ဆိုလို သည်။

(စ) **"ဝန်ကြီးဌာန"**ဆိုသည်မှာ **သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီး ဌာန** ကိုဆိုလို သည်။

(ဆ) **"ဦးစီးဌာန"** ဆိုသည်မှာ **သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီး ဌာန**၊ သတ္တုတွင်းဦးစီး ဌာနကို ဆိုလိုသည်။

(ဇ ) **"တန်ချိန်"**ဆိုသည်မှာ ကီလိုဂရမ် (၁၀၀၀) ရှိသော တစ်မက်ထရစ်တန်ကို ဆိုလိုသည်။

## အပိုင်း(၄)

## လုပ်ကိုင်ခွင့်ရှိသော လုပ်ကွက်

၄-၁။ ဤလုပ်ငန်းသဘောတူစာချုပ်အရ လုပ်ကိုင်ခွင့်ရှိသော လုပ်ကွက်သည် ---------------- တိုင်းဒေသကြီး/ ပြည်နယ်၊ ------------မြို့နယ်၊--------ကျေးရွာအုပ်စု၌တည်ရှိပြီး ဤလုပ်ငန်း သဘောတူစာချုပ်နှင့်ပူးတွဲပါရှိသည့် နောက်ဆက်တွဲများတွင် မြေပုံညွှန်းနှင့်တကွ ဖော်ပြ ထားသည့် မြေဧရိယာ( )ဧက (--------- စတုရန်း ကီလိုမီတာ) နယ်နိမိတ်အတိုင်း ဖြစ်သည်။

၄-၂။ အကယ်၍ အထက်အပိုဒ် ၄-၁ တွင် ဖော်ပြထားသော လုပ်ကိုင်ခွင့်ရှိသည့် လုပ်ကွက်ဧရိယာကို နိုင်ငံတော် အစိုးရမှ စီမံကိန်းတစ်ခုခုအလို့ငှာ အသုံးပြုရန်လိုအပ်ခဲ့လျှင် ကန်ထရိုက်တာ ဖြစ်သူကမိမိလက်ဝယ်ရယူ ထားသောလုပ်ကွက်ကို အစိုးရသို့ ပြန်လည်အပ်နှံရမည်ဖြစ်ပြီး၊ သင့်လျော်သောဓာတ်သတ္တုလုပ်ကွက်ကို ကန်ထရိုက်တာ နစ်နာမှုမရှိစေရန် နှစ်ဦးနှစ်ဖက် ညှိနှိုင်းဆောင်ရွက်ရမည်။

## အပိုင်း(၅)

## လုပ်ငန်းအစီအစဉ်

၅-၁။ ကန်ထရိုက်တာသည် -----------------သတ္တု/-------------(စက်မှုတွင်းထွက်ကုန်ကြမ်း) တူးဖော် ထုတ်လုပ်ခြင်း လုပ်ငန်းအတွက် သတ္တုတွင်းထူထောင်မှုနှင့် တူးဖော်ထုတ်လုပ်မှု လုပ်ငန်းအစီအစဉ်များရေးဆွဲ၍ ဤလုပ်ငန်း သဘောတူစာချုပ် လက်မှတ်ရေးထိုးပြီး (၁) လအတွင်း သတလ( )နှင့် ဦးစီးဌာနသို့ တင်ပြရမည်။

၅-၂။ ကန်ထရိုက်တာမှတင်ပြသော လုပ်ငန်းအစီအစဉ်များကို နှစ်ဦးနှစ်ဖက်ညှိနှိုင်းသဘောတူ အတည်ပြု သတ်မှတ်ရမည်။ ထိုသို့အတည်ပြုထားသည့်လုပ်ငန်း အစီအစဉ်အတိုင်းစတင် အကောင်အထည်ဖော်ရမည်။

၅-၃။ အတည်ပြုပြီးသောလုပ်ငန်းအစီအစဉ်အား ပြင်ဆင်ဖြည့်စွက်လိုပါက ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်နိုင်သည်။

## အပိုင်း(၆)

## ရင်းနှီးမြှုပ်နှံမှုပမာဏ

၆။ ကန်ထရိုက်တာသည် လုပ်ငန်းအစီအစဉ်များအတွက် ရင်းနှီးမြှုပ်နှံမှုငွေပမာဏအဖြစ် လုပ်ကွက်(၁)ကွက်လျှင် မြန်မာကျပ် (ကျပ်--------------တိတိ)နှုန်းဖြင့် လုပ်ကွက်အတွက် မြန်မာကျပ် (ကျပ်--------------------တိတိ)ကို ရင်းနှီးမြှုပ်နှံရမည်။ ရင်းနှီးမြှုပ်နှံမှုငွေ တစ်ရပ်လုံးကို ကန်ထရိုက်တာမှ ကျခံရမည်။

## အပိုင်း(၇)

## ထူထောင်မှုနှင့် တူးဖော်ထုတ်လုပ်ခြင်း

၇-၁။ သတ္တုတွင်းထူထောင်မှုလုပ်ငန်းကို ဤလုပ်ငန်းသဘောတူ စာချုပ်လက်မှတ်ရေးထိုးပြီး သည့်နေ့မှစ၍ (......)လအတွင်း အပြီးဆောင်ရွက်ရမည်။ ထို့နောက်လုပ်ငန်းအစီအစဉ်ပါ ထုတ်လုပ်မှု လုပ်ငန်းများကို ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

၇-၂။ --------------- တူးဖော်ထုတ်လုပ်ခြင်းကို ခေတ်သတ္တုတူးဖော်ထုတ်လုပ်မှု လုပ်ငန်းကြီးများ ဆောင်ရွက်နေသည့် ကုမ္ပဏီများ၏ ခေတ်မီ တူးဖော်ထုတ်လုပ်မှုနည်းစနစ်နှင့် အင်ဂျင်နီယာ နည်းပညာများနှင့်အညီ ခွင့်ပြုမိန့်ပါ တူးဖော်နည်းစနစ်များဖြင့် တူးဖော်ထုတ်လုပ်ရမည်။ တစ်နှစ်လျှင် (သတ္တုရိုင်း/သတ္တုသန့်စင်/ စက်မှုတွင်းထွက် ကုန်ကြမ်း) တန်ချိန် (---------)တန် လျာထားတူးဖော်ထုတ်လုပ်ရမည်။ -----------------သတ္တုသိုက်ပမာဏ/ ပြည်တွင်းသုံးစွဲမှု စက်မှုတွင်းထွက်ကုန်ကြမ်း ဝယ်လိုအားတို့အပေါ်မူတည်၍ တိုးမြှင့် ထုတ်လုပ်နိုင်သည်။

## အပိုင်း(၈)

## စာချုပ်သက်တမ်း

၈။ ဤလုပ်ငန်းသဘောတူစာချုပ်အရ စာချုပ်သက်တမ်းမှာ လုပ်ငန်းသဘောတူစာချုပ် အပိုင်း (၃၁)ပါ သက်ဝင် အကျိုးသက်ရောက်သည့်နေ့ဖြစ်သည့် ဓာတ်သတ္တုအကြီးစား ထုတ်လုပ်ရန် ခွင့်ပြုမိန့်ပါ စတင်လုပ်ကိုင် ခွင့်ပြုသည့်နေ့မှစ၍(   )နှစ်ဖြစ်သည်။ စာချုပ် သက်တမ်းတိုး လိုပါက သတ်မှတ်ထားသော ခွင့်ပြုမိန့်သက်တမ်း မကုန်ဆုံးမီ အနည်းဆုံး (၆)လကြိုတင်၍ ကန်ထရိုက်တာသည် မြန်မာ့သတ္တုတွင်းနည်းဥပဒေများနှင့်အညီတစ်ကြိမ်လျှင် (   )နှစ် ထက်မပိုသောသက်တမ်းတိုးမြှင့်ခြင်း သတလ(  )မှတဆင့် ဝန်ကြီးဌာနသို့ လျှောက်ထား နိုင်သည်။ ယင်းသို့သက်တမ်းတိုးမြှင့်ခြင်းသည် ဝန်ကြီးဌာန၏ အတည်ပြုချက်ရမှသာလျှင် အတည်ဖြစ်သည်။

## အပိုင်း(၉)

## အထွေထွေတာဝန်များ

ကန်ထရိုက်တာ၏ တာဝန်များ

၉-၁။ ကန်ထရိုက်တာသည် အောက်ပါတို့ကို တာဝန်ယူရမည်-

(က) ------------------တူးဖော်မည့် လုပ်ကွက်နယ်နိမိတ်သတ်မှတ်ခြင်းလုပ်ငန်းအတွက် ကုန်ကျစရိတ်များကို ကျခံရမည်။

(ခ) နှစ်ဘက်အတည်ပြုသတ်မှတ်ထားသည့် လုပ်ငန်းအစီအစဉ်များအရ ------------ တူးဖော် ထုတ်လုပ်ရာတွင် ကုန်ကျစရိတ်၊ ဆင့်တက်ပြုပြင်စရိတ်၊ သယ်ယူပို့ဆောင်မှု ကုန်ကျစရိတ် နှင့် အခြား အထွေထွေကုန်ကျစရိတ်များ အားလုံးကို ကျခံရမည်။

(ဂ) ပုံသေမြေငှားရမ်းခ၊ ဓာတ်သတ္တုခွန်နှင့် သတလ(  )ဝေစု အချိုးများကို အပြည့်အဝ ပေးသွင်းရမည်။

(ဃ) ဤလုပ်ငန်းသဘောတူစာချုပ်အရ လုပ်ကိုင်ခွင့်ရှိသော နောက်ဆက်တွဲ (   )ပါ လုပ်ကွက်ဧရိယာ အတွင်း၌ အထက်အပိုင်း(၅)၊ အပိုဒ် ၅-၁ ပါ အတည်ပြုပြီးသော လုပ်ငန်းအစီအစဉ်များအတိုင်းသာ တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းကို ပြုလုပ်ရမည်။

(င) တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများကို ကောင်းမွန်မှန်ကန်သော ဓာတ်သတ္တုတူးဖော်မှု အတွေ့အကြုံများကိုအခြေခံ၍ သတ္တုတွင်းဒီဇိုင်းနှင့်အညီ သတ္တုသိုက်လေလွင့်ဆုံးရှုံးမှု မရှိစေသော အကောင်းဆုံးနည်းစနစ်များကို လိုက်နာဆောင်ရွက်ရန်နှင့် နောင်

ဆက်လက်ဆောင်ရွက်ရမည့် ထုတ်လုပ်မှုလုပ်ငန်းများကို မထိခိုက်အောင် ဆောင်ရွက်ရမည်။

(စ) တူးဖော်ထုတ်လုပ်မှုဆောင်ရွက်ရာတွင်ကုန်ထုတ်လုပ်မှုစွမ်းအားအပြည့်အဝ ရရှိနိုင်ရေးအတွက် လုပ်ငန်းကျွမ်းကျင်သူ အင်ဂျင်နီယာ၊ ဘူမိဗေဒပညာရှင်၊ ကျွမ်းကျင်လုပ်သားများကို လုံလောက်စွာ ခန့်ထားရမည်။

(ဆ) လုပ်ငန်းအစီအစဉ်များကို ဆောင်ရွက်ရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရမှ ပြဋ္ဌာန်းထုတ်ပြန်ထားသော မြန်မာ့သတ္တုတွင်းဥပဒေ၊ နည်းဥပဒေများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၏တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရမည်။

(ဇ) အပိုင်း(၇)၊ အပိုဒ် ၇-၂ ပါ ထုတ်လုပ်မှုလျာထားချက်အား ပြည့်မီကျော်လွန်အောင် ထုတ်လုပ်သွားရန် နှင့်လျာထားချက် မပြည့်မီပါက မပြည့်မီရသည့် အကြောင်းကို ခိုင်လုံသောအကြောင်းပြချက်၊ အထောက်အထားနှင့်တကွ သတလ( ) သို့ ထုတ်လုပ်ဆောင်ရွက်သည့်လ၏ နောက်လအတွင်း တင်ပြပြီး ဝန်ကြီးဌာန၏ အတည်ပြုချက်အတိုင်းလိုက်နာဆောင်ရွက်ရမည်။

(ဈ) ဤလုပ်ငန်းသဘောတူစာချုပ်အရ လုပ်ကိုင်ခွင့်ပြုသည့်လုပ်ကွက်တွင် လုပ်ငန်းအစီအစဉ်အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရန် ကန်ထရိုက်တာအား ယုံကြည်စွာဖြင့် အပ်နှံလုပ်ကိုင်ခွင့်ပြုပြီး လုပ်ကွက်မှ ထွက်ရှိသည့် --------------မှ သတ်မှတ်အချိုးအား သတလ( )သို့ မအပ်နှံမီ ကိုယ်စားပြုစီမံခန့်ခွဲခွင့်ကို ယာယီဆောင်ရွက်ရန် တာဝန်ရှိသည်။

(ည) တူးဖော်ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ အသုံးပြုခြင်း သယ်ယူရောင်းချခြင်းတို့နှင့် ပတ်သက်သည့် လစဉ်အစီရင်ခံစာကို သတ်မှတ်ထားသော ပုံစံများဖြင့် ဖြည့်သွင်း၍ သတလ( )နှင့် ဦးစီးဌာန တို့သို့ လစဉ် ဒုတိယပတ်အတွင်း အချိန်မှန်မှန်ပေးပို့ရမည်။

(ဋ) ကျွမ်းကျင်မှုဆိုင်ရာသုံးသပ်ချက်များပါဝင်သော သုံးလပတ်အစီရင်ခံစာများကို အချိန်မီတင်ပြသွားရန်နှင့် နှစ်ချုပ်အစီရင်ခံစာများကိုလည်းနှစ်စဉ်ဧပြီလဆန်းမှ(၁)လ အတွင်း အထက်အပိုဒ် ၉-၁(ည)ပါ အတိုင်း အချိန်မှန်မှန် ပေးပို့ရမည်။

(ဌ) စာချုပ်ပါ ထုတ်လုပ်မှု လျာထားချက်အတိုင်း ထုတ်လုပ်ပြီး မရောင်းချနိုင်ပါက (၆)လလျှင် တစ်ကြိမ်ဖြင့် ဌာနမှ အချိုးကျရရှိမည့် သတ္တု (သို့မဟုတ်) စက်မှုတွင်းထွက်ကုန်ကြမ်း၏ ၅၀%နှင့် ဓာတ်သတ္တု ခွန်ကို ဦးစီးဌာနနှင့် သတလ( ) သို့ ငွေသားဖြင့်

ပေးသွင်းရမည်။ ဈေးနှုန်းကို သတ္တုဖြစ်လျှင် London Metal Exchange အပေါ် အခြေခံ၍လည်းကောင်း၊ စက်မှုတွင်းထွက်ကုန်ကြမ်းဖြစ်လျှင် နှစ်ဘက် သတ်မှတ်သည့် ဈေးနှုန်းဖြင့်လည်းကောင်း ကြိုတင်အရောင်း သဘောတူညီချက်ဖြင့် တွက်ချက်သတ်မှတ်ရမည်။

(ဍ) လုပ်ကိုင်ခွင့်ရှိသော လုပ်ကွက်ဧရိယာ နယ်နိမိတ်အတွင်းရှိ သစ်ပင်များကို သစ်တောဦးစီးဌာန၏ ခွင့်ပြုချက်မရရှိဘဲ ခုတ်လှဲခြင်း၊ သစ်ပင်ခုတ်ခြင်း မပြုလုပ်ရ။ လုပ်ကွက်ရှိ မလွတ်ကင်းသော သစ်ပင်များကို ခုတ်လှဲရန်လိုအပ်ပါက သစ်တော ဦးစီးဌာန၏ ကြိုတင်ခွင့်ပြုချက်ရယူရန်နှင့် ခုတ်လှဲသော သစ်ပင်များကို အသုံးပြုလိုလျှင် သစ်တောဦးစီးဌာနမှ သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများ နှင့်အညီ ဆောင်ရွက်ရမည်။

(ဎ) တူးဖော်ရန်ခွင့်ပြုမိန့်ပေးထားသည့် ဧရိယာအတွင်း၌သော်လည်းကောင်း၊ အပြင်၌သော်လည်းကောင်း၊ ခွင့်ပြုချက်မရှိဘဲ သစ်ပင်ခုတ်လျှင် တည်ဆဲသစ်တောဥပဒေအရ အရေးယူခြင်းနှင့်တူးဖော်ခွင့် ဖျက်သိမ်းသည်အထိ ပြင်းထန်စွာအရေးယူခြင်း ခံရမည်ကို သိရှိနားလည် သဘောတူလက်ခံရမည်။

(ဏ) စတင်တူးဖော်မှုလုပ်ငန်းမှ ထွက်ရှိသည့် အပေါ်ယံ မြေဆီလွှာများ (Top Soil) ကို စနစ်တကျ စုပုံ ထိန်းသိမ်းထားရှိ၍ ထိုမြေဆီလွှာများကို သတ္တုတွင်း ပိတ်သိမ်းချိန်တွင် တူးဖော်ထားသည့် ကျင်း၊ ချိုင့်၊ ကလိုင်များမြေဖို့ရာတွင် ပြန်လည်အသုံးပြုပြီး မိုင်းပိတ်သိမ်းမှု လုပ်ငန်းစဉ်ပါ စီမံချက်များအတိုင်း သစ်တော၊ သစ်ပင်များကို ရှင်သန်သည်အထိ ပြန်လည် စိုက်ပျိုးပေးရန် တာဝန်ယူရမည်။

(တ) တူးဖော်ပြီးမြေဧရိယာတွင် ကုမ္ပဏီမှသစ်ပင်စိုက်ပျိုးနိုင်သည့်အထိမြေ ပြန်လည်ဖို့ပေးရန်နှင့် သစ်တောစိုက်ခင်းများ ပြန်လည်တည်ထောင်ပေးခြင်း (သို့မဟုတ်) သစ်ပင်ပြန်လည် စိုက်ပျိုးမည့် ကုန်ကျစရိတ်ကို ကျခံပေးရမည်။

(ထ) တူးဖော်ခြင်းမှထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများသည် မြစ်ချောင်း၊ အင်းအိုင်များကိုသော်လည်းကောင်း၊ အများပြည်သူတို့နှင့် သက်ဆိုင်သောလမ်းများ၊ အဆောက်အဦများကိုသော်လည်းကောင်း၊ ညစ်ညမ်းမှု၊ ပိတ်ဆို့မှုနှင့် အခြားပတ်ဝန်းကျင် ညစ်ညမ်းထိခိုက်မှုများ မရှိစေရန် ဆောင်ရွက်ရမည်။

(ဒ) တူးဖော်ထုတ်လုပ်ရာမှ ထွက်ရှိလာသော စွန့်ပစ်မြေစာများသည်ပတ်ဝန်းကျင် လယ်ယာမြေများ၏ မြေဆီလွှာထိခိုက်ပျက်စီးမှုနှင့် မြစ်ချောင်းများညစ်ညမ်းမှုတို့ကြောင့် ဒေသခံပြည်သူများ၏ လူမှုစီးပွား ထိခိုက်ပျက်စီးမှု မဖြစ်ပေါ်စေရန်အတွက် စာချုပ်ဝင်နှစ်ဦးတို့က ရွေးချယ် အတည်ပြုထားသော မြေနေရာ (Destination)

တွင်သာ စွန့်ပစ်ရမည်။ သတ္တုဆင့်တက်ပြုပြင်မှု လုပ်ငန်း အဆင့်ဆင့်နှင့် သတ္တုသန့်စင်နည်းစဉ်ဖြင့် ထုတ်လုပ်ဆောင်ရွက်ရာတွင် စက်ရုံ၏ စွန့်ပစ်ပစ္စည်း (Tailing)များအား စွန့်ပစ်ကန် (Tailing Pond)အတွင်းသာ စနစ်တကျ စွန့်ပစ်ရမည်။

(ဓ) လုပ်ငန်းဆောင်ရွက်ခွင့်ပြုသည့် ခွင့်ပြုမိန့်ပါ လုပ်ကွက်မြေနေရာနှင့် စပ်လျဉ်း၍ အငြင်းပွားမှု၊ စောဒကတက်မှုများ၊ သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးစေမှုနှင့် သက်ဆိုင်သော တိုင်ကြားချက်များ ဖြစ်ပွားပါက ကန်ထရိုက်တာမှ တာဝန်ယူ ဖြေရှင်းရန်နှင့် မဖြေရှင်းနိုင်ပါက ခွင့်ပြုမိန့် ရုပ်သိမ်းခြင်း၊ ပေးသွင်းထားသည့် အခွန်အခနှင့် အခြားပေးသွင်းမှုများသိမ်းယူခြင်း၊ လုပ်ကွက်ပိတ်သိမ်းခြင်းခံရ မည်ကို သဘောတူလက်ခံရမည်။

(န) တူးဖော်ထုတ်လုပ်သည့်လုပ်ငန်းကြောင့် ဒေသတွင်းတည်ရှိနေသော လယ်ယာမြေ၊ အိမ်၊ ခြံ တို့နှင့် ပတ်သက်၍ ထိခိုက်မှုရှိလျှင် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့၏ အဆုံးအဖြတ်ကို လိုက်နာရမည်။

(ပ) ကန်ထရိုက်တာသည် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနက လက်ခံကျင့်သုံးသည့် စံချိန်စံညွှန်းနှင့်အညီ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (Environmental Impact Assessment - EIA)အား စာချုပ်မချုပ်ဆိုမီ ပြုစု တင်ပြရမည်။ ၎င်းဆန်းစစ်ချက်ပါအချက်များကိုအခြေခံ၍ ပတ်ဝန်းကျင် စီမံခန့်ခွဲမှု အစီအစဉ် (Environmental Management Plan - EMP) တို့ကို ထုတ်လုပ်မှု မစတင်မီ သတလ(၁)သို့ ဆက်လက်တင်ပြပြီး ယင်းစီမံချက်ပါအတိုင်း အပြည့်အဝ လိုက်နာ ဆောင်ရွက်ရမည်။

(ဖ) ဤသဘောတူစာချုပ် သက်တမ်းကုန်ဆုံးလျှင် သော်လည်းကောင်း၊ အကြောင်း တစ်ရပ်ရပ်ကြောင့် လုပ်ငန်းရပ်စဲ၍စာချုပ်အား ရပ်စဲလျှင်သော်လည်းကောင်း၊ **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ** စိစစ်လက်ခံ အတည်ပြုထားသော သတ္တုတွင်းလုပ်ကွက်ပိတ်သိမ်းမှု အစီအစဉ်(Mine Closure Plan) အတိုင်း စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

(ဗ) ဓာတ်သတ္တုထုတ်လုပ်မှုလုပ်ငန်း ပြီးဆုံးခြင်း သို့မဟုတ် ပိတ်သိမ်းသည့်အခါ လုပ်ငန်း မြေနေရာအား သတ္တုတွင်းပိတ်သိမ်းမှု အစီအစဉ်ပါအတိုင်း မြေယာပြုပြင်ခြင်း၊ ထိန်းသိမ်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း၊ စိမ်းလန်းစိုပြေရေးလုပ်ငန်းများ အတွက် မြန်မာ့သတ္တုတွင်းနည်းဥပဒေများ၏ နည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ (င) နှင့်အညီ ရန်ပုံငွေထူထောင်၍ သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ပေးရမည်။

(ဘ) ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင် ထိခိုက်မှု အနည်းဆုံး ဖြစ်စေရန်နှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားထိခိုက်မှု မရှိစေရန် အလေးထားဆောင်ရွက်ရမည်။ နှစ်စဉ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်း အတွက် မြန်မာ့သတ္တုတွင်းနည်းဥပဒေ ၁၉၂ နည်းဥပဒေခွဲ(က)နှင့်အညီ ရန်ပုံငွေထားရှိ ရမည်။

(မ) နိုင်ငံတော်က ပြဋ္ဌာန်းထားသည့် တည်ဆဲအခွန်အကောက်ဆိုင်ရာ ဥပဒေများအရ ပေးဆောင်ရမည့် အခွန်အကောက်နှင့် ကျသင့်သည့်အခများကို ပေးဆောင်ရမည်။

(ယ) လုပ်ငန်းသဘောတူစာချုပ်၌ မြန်မာနိုင်ငံတံဆိပ်ခေါင်း အက်ဥပဒေအရ သတ်မှတ်ချက်နှင့်အညီ တံဆိပ်ခေါင်းခွန်ပေးဆောင်၍ တံဆိပ်ခေါင်းကပ်ရန် တာဝန်ယူရမည်။

(ရ) သတ္တုတူးဖော်ထုတ်လုပ်ရေးအတွက် ခန့်ထားသောအလုပ်သမားများအား အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ သတ်မှတ်ပြဋ္ဌာန်းချက်များ၊ အလုပ်သမားဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

(လ) ဝန်ထမ်းနှင့်အလုပ်သမားများ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးလုပ်ငန်းများကို တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ပေးရမည်။

(ဝ) သတ်မှတ်ခွင့်ပြုထားသော လုပ်ကွက်ဧရိယာအတွင်း အခိုင်အမာ အဆောက်အဦများ တည်ဆောက် ခြင်း၊ ဘာသာရေးဆိုင်ရာ အဆောက်အဦများ ဆောက်လုပ်ခြင်းနှင့် လူနေကျေးရွာ တည်ဆောက်ခြင်း မပြုရ။

သတလ( )၏တာဝန်များ

၉-၂။ သတလ( )သည် အောက်ပါတို့ကို တာဝန်ယူရမည်-

(က) တူးဖော်ထုတ်လုပ်ရေးအတွက်လိုအပ်သည့် ယမ်းဘီလူးနှင့် ဆက်စပ်သုံးပစ္စည်းများ ဝယ်ယူရရှိရေး၊ သုံးစွဲနိုင်ရေးအတွက် ကူညီပေးရမည်။

(ခ) တူးဖော်မှုလုပ်ငန်းတွင် ကန်ထရိုက်တာမှ ဌာနဆိုင်ရာခွင့်ပြုချက်များ ရရှိစေရန် လိုအပ်သလို ညှိနှိုင်းပံ့ပိုး ကူညီဆောင်ရွက်ပေးရမည်။

(ဂ) ကန်ထရိုက်တာသည် နည်းပညာနှင့်ကျွမ်းကျင်မှု အကူအညီများတောင်းခံလာပါက ပံ့ပိုးကူညီ ဆောင်ရွက်ပေးရမည်။

(ဃ) လုပ်ငန်းစီမံချက်အရ ထုတ်လုပ်မှု လျာထားချက်အား ပြည့်မီကျော်လွန်အောင် ထုတ်လုပ်နိုင်ရေး ကြီးကြပ်သွားရန်နှင့် ထုတ်လုပ်မှုလျာထားချက်မပြည့်မီပါက စိစစ်သုံးသပ်ချက်နှင့်တကွ ဝန်ကြီးဌာန သို့ ဆက်လက်တင်ပြရမည်။

(င) ပုံသေမြေငှားရမ်းခ၊ ဓာတ်သတ္တုခွန်နှင့် သတလ( ) မှရရှိမည့်အချိုးများကို အပြည့်အဝပေးသွင်းရေး ကြပ်မတ်ဆောင်ရွက်ရမည်။

## အပိုင်း (၁၀)
## သဘာဝပတ်ဝန်းကျင် နှင့်လူမှုဝန်းကျင်ထိခိုက်မှု
## လျော့နည်းစေရေးအတွက် လေ့လာဆန်းစစ်ချက်များနှင့်
## သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးစီမံချက်

၁၀-၁။ ကန်ထရိုက်တာအနေဖြင့် စီမံကိန်းဧရိယာနှင့် ပတ်ဝန်းကျင်ဧရိယာများ၏ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် တာဝန်ယူရမည်။ လစ်လျူရှု၍မရနိုင်သော .................. ...... ထုတ်လုပ်မှုလုပ်ငန်းကြောင့် ဖြစ်ပေါ်လာသည့် မြေယာသုံးစွဲမှု ပြဿနာ၊ လူမှုရေးဆိုင်ရာ ပြဿနာ၊ ဂေဟစနစ်ဆိုင်ရာပြဿနာ၊ လေထု ညစ်ညမ်းမှုနှင့် အသံဆူညံမှု၊ တုန်ခါမှုများ၊ ရှုခင်းရှုကွက်ကို ထိခိုက်ပျက်ယွင်းစေသည့် သဘာဝ ပတ်ဝန်းကျင်ထိခိုက်မှုနှင့် ဆက်စပ် ပတ်သက်သည့် အခြားအရာများကို **ကန်ထရိုက်တာ**က ထိန်းသိမ်းဆောင်ရွက်ရမည်။ သဘာဝ ပတ်ဝန်းကျင်ထိခိုက်မှုဆိုင်ရာကိစ္စများအပေါ် ခြုံငုံစဉ်းစားနိုင်ရန်အတွက် သဘာဝ ပတ်ဝန်းကျင် လေ့လာဆန်းစစ်ချက် နည်းဗျူဟာများကို ကျင့်သုံးမည်ဖြစ်ပြီး ထိရောက်မှု ရှိသည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်း စီမံချက်ကို ရှင်းလင်းတိကျစွာ ပုံစံချရေးဆွဲပြဌာန်းထားရမည်ဖြစ်သည်။ စောင့်ကြည့်ထိန်းသိမ်းရေးနှင့် ကွင်းဆင်းစစ်ဆေး ရေးအဖွဲ့အနေဖြင့် EIA ဆန်းစစ်ချက် အရ အတည်ပြုထားပြီးဖြစ်သည့် သတ္တုတွင်းစီမံကိန်း အပေါ် ထိရောက်သည့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး စီမံချက်အတွက် လိုအပ်သည် များကို ပြန်လည်သုံးသပ်ရမည်။

၁၀-၂။ စီမံချက်များတွင် စီမံကိန်းအကောင်အထည်ဖော်မှုကို စောင့်ကြပ်အကဲဖြတ်ရေး၊ စီမံကိန်း၏ သက်ရောက် ထိခိုက်မှုများနှင့် ၎င်းတို့ကို လျော့နည်းအားပျော့သွားစေရေးဆိုင်ရာ လုပ်ငန်း အစီအစဉ်ပါဝင်ရမည်ဖြစ်သည်။ ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan- EMP) တွင် အောက်ပါ စီမံချက်များပါဝင်ရမည်-

- အမှုန်အမွှားထိန်းသိမ်းရေးစီမံချက်
- အသံဆူညံမှုထိန်းသိမ်းရေးစီမံချက်
- လုပ်ငန်းသုံးရေနှင့်စွန့်ပစ်ရေထိန်းသိမ်းရေးစီမံချက်
- တိုက်စားမှုနှင့် အနည်ထိုင်စုပုံမှုများထိန်းသိမ်းရေးစီမံချက်
- စွန့်ပစ်ကျောက်များထိန်းသိမ်းရေးစီမံချက်
- ဘေးဖြစ်စေတတ်သောပစ္စည်းများထိန်းသိမ်းရေးစီမံချက်

- အထွေထွေစွန့်ပစ်ပစ္စည်းများထိန်းသိမ်းရေးစီမံချက်
- လုပ်ငန်းမြေနေရာများပြန်လည်ထူထောင်ခြင်း လုပ်ငန်းစီမံချက်
- သတ္တုတွင်းအားပြန်လည်လွှဲပြောင်းအပ်နှံခြင်းနှင့် သတ္တုတွင်းပိတ်သိမ်းခြင်းစီမံချက်

၁၀-၃။ လုပ်ငန်းမြေနေရာအား ပြန်လည်ထူထောင်ခြင်း၊ သတ္တုတွင်းအားပြန်လည်အပ်နှံခြင်းနှင့် သတ္တုတွင်း ပိတ်သိမ်းခြင်းစီမံချက်များသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းစဉ်များ၏ အစိတ်အပိုင်းဖြစ်ပြီး ၎င်းတွင်ပိတ်သိမ်းမှုလုပ်ငန်းအားလုံး၏ အသေးစိတ် နည်းစနစ်များပါဝင်သည်။ ကန်ထရိုက်တာအနေဖြင့် သတ္တုတွင်းပိတ်သိမ်းမှုစီမံချက်ကို ဝန်ကြီးဌာနသို့ တင်ပြအတည်ပြုချက်ရယူရမည်ဖြစ်ပြီး ၎င်းတွင် ဘဏ္ဍာရေးဆိုင်ရာ စီမံချက်များ ပါဝင်ရမည်။

၁၀-၄။ ကန်ထရိုက်တာအနေဖြင့် စီးပွားဖြစ်ထုတ်လုပ်မှု ကာလတစ်လျှောက်လုံးတွင် မြေယာပြန်လည်ဖော်ထုတ်ခြင်း ရန်ပုံငွေအဖြစ် နှစ်စဉ်ပေးသွင်းထူထောင်သွားရမည်။ အဆိုပါရန်ပုံငွေပမာဏကို မြန်မာ့စီးပွားရေးဘဏ်၌ ဘဏ်စာရင်းဖွင့်လှစ်ထားရှိပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းစဉ်၏ အစိတ်အပိုင်း ဖြစ်သော လုပ်ငန်းမြေနေရာအား ပြန်လည်ထူထောင်ခြင်း၊ သတ္တုတွင်းလုပ်ငန်း ပြန်လည်အပ်နှံခြင်းနှင့် သတ္တုတွင်း ပိတ်သိမ်းခြင်း စီမံချက်များအစရှိသည်တို့ ဆောင်ရွက်ရန်အတွက်သာ အသုံးပြုရမည်။ ၎င်းလုပ်ငန်းများဆောင်ရွက်မှုကို ပူးတွဲစီမံခန့်ခွဲရေးကော်မတီက အချိန်နှင့်အမျှ ပြန်လည် ဆန်းစစ်သွားမည်ဖြစ်သည်။

၁၀-၅။ ကန်ထရိုက်တာအနေဖြင့် စီမံကိန်း၏ စီးပွားဖြစ်ထုတ်လုပ်သည့် ကာလတစ်လျှောက်လုံး၌ ဒေသခံများနှင့် လူမှုပတ်ဝန်းကျင်ဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုများကို တာဝန်ယူရမည်ဖြစ်ပြီး၊ လူမှုပတ်ဝန်းကျင်ဆိုင်ရာ လေ့လာဆန်းစစ်ချက်(Social Impact Assessment-SIA) လေ့လာ၍ လုပ်ငန်းစီမံချက်တစ်ရပ် ရေးဆွဲထားရှိရမည်။ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ထိန်းသိမ်းရေးစီမံချက်များ၏ လုပ်ငန်းစဉ်တွင် ထူထောင်မှု၊ တည်ဆောက်မှု၊ လုပ်ငန်းလည်ပတ်မှု၊ ပြုပြင်ထိန်းသိမ်းမှုနှင့် ပြန်လည်အပ်နှံမှု၊ ရပ်စဲမှုလုပ်ငန်းစဉ်များ ရေးဆွဲဖော်ပြရမည်ဖြစ်ပြီး အဆိုပါလုပ်ငန်းစဉ်များ၏ ခန့်မှန်းကုန်ကျစရိတ်များ၊ ဝန်ထမ်းများခန့်ထားခြင်း၊ သင်တန်းပေးလေ့ကျင့်ခြင်းနှင့် ထိခိုက်သက်ရောက်မှုများကို လျော့နည်းစေရေးအတွက် မရှိမဖြစ် လိုအပ်သော အထောက်အကူပြုသည့် ဝန်ဆောင်မှုလုပ်ငန်းများပါဝင်ရမည်။ လူမှုပတ်ဝန်းကျင်ထိန်းသိမ်းရေး စီမံချက်တွင် အောက်ပါစီမံချက်များ ပါဝင်ရမည် -

- ပညာရေး၊ လေ့ကျင့်သင်ကြားရေးဗျူဟာနှင့်အကောင်အထည်ဖော်မည့်စီမံချက်
- ပြောင်းရွှေ့နေထိုင်မှု စီမံခန့်ခွဲရေးဗျူဟာနှင့်အကောင်အထည်ဖော်မည့်စီမံချက်
- ကျန်းမာရေးစောင့်ရှောက်မှုစီမံချက်

- လျှပ်စစ်မီးရရှိရေးစီမံချက်
- မြေယာရှုခင်းထိန်းသိမ်းမှုစီမံချက်

၁၀-၆။ ကန်ထရိုက်တာအနေဖြင့် စီးပွားဖြစ်ထုတ်လုပ်မှုကာလ သက်တမ်းအတွင်း လူမှုရေးဆိုင်ရာ တာဝန်ယူမှုရန်ပုံငွေ (Corporate Social Responsibility fund) အဖြစ် ထည့်သွင်း ထူထောင်ရန် သဘောတူရမည်။ ၎င်းနှင့်ပတ်သက်၍ အနီးဆုံးပူးတွဲစီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးတွင် ဆွေးနွေးထည့်ဝင်ဆောင်ရွက်သွားရမည်။

## အပိုင်း(၁၁)

## ဓာတ်သတ္တုခွန်နှင့် ပုံသေမြေငှားရမ်းခ

၁၁-၁။ ဤလုပ်ငန်းသဘောတူစာချုပ်အရ ထုတ်လုပ်ထွက်ရှိလာမည့် စုစုပေါင်းတန်ချိန်အပေါ် ဓာတ်သတ္တုခွန်ကို မြန်မာ့သတ္တုတွင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဓာတ်သတ္တုပစ္စည်း(In Kind) အနေဖြင့်ဖြစ်စေ၊ အပိုင်း(၁၄)ပါ တန်ဖိုး သတ်မှတ်ချက်အတိုင်းဖြစ်စေ ကန်ထရိုက်တာမှ ဦးစီးဌာနသို့ပေးဆောင်ရမည်။

၁၁-၂။ ကန်ထရိုက်တာသည် ပုံသေမြေငှားရမ်းခ (Dead Rent) ကို မြန်မာ့သတ္တုတွင်းဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဦးစီးဌာနသို့ ပထမနှစ်အတွက် စာချုပ်မချုပ်ဆိုမီ ပေးဆောင်ရမည်။ ကျန်နှစ်စဉ်ပေးသွင်းရမည့် ပုံသေမြေငှားရမ်းခကို ခွင့်ပြုမိန့် သက်တမ်း စသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်းခြောက်လလျှင် တစ်ကြိမ်စီဖြင့် နှစ်ကြိမ်ခွဲ၍ ပေးသွင်း နိုင်သည်၊

၁၁-၃။ ကန်ထရိုက်တာသည် ပုံသေမြေငှားရမ်းခ (Dead Rent) ကို မြန်မာ့သတ္တုတွင်းဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ -

(က) ထူထောင်မှုကာလတွင် တစ်နှစ်လျှင်(၁)စတုရန်းကီလိုမီတာအတွက်မြန်မာကျပ်( )

(ခ) ထုတ်လုပ်မှုကာလတွင် တစ်နှစ်လျှင်(၁)စတုရန်းကီလိုမီတာအတွက်မြန်မာကျပ် ( ) ကို ဝန်ကြီးဌာန၊ ဦးစီးဌာနသို့ ပေးဆောင်ရမည်။

## အပိုင်း(၁၂)

## ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားခြင်း

၁၂-၁။ ဤသဘောတူစာချုပ်ပါ လုပ်ကိုင်ခွင့်ရှိသော လုပ်ကွက်ဧရိယာအတွင်း၌ တူးဖော်ထုတ်လုပ်ရာမှ ထွက်ရှိလာသော ------------ တန်ချိန်စုစုပေါင်း၏ ( ) ရာခိုင်နှုန်းကို အထက်အပိုဒ် ၁၁-၁ နှင့်အညီ နိုင်ငံတော်အတွက် ဓာတ်သတ္တုခွန်အဖြစ် ဦးစီးဌာနသို့ပေးဆောင်ပြီး နောက်ကျန် ရှိသော -------------- တန်ချိန်အပေါ် တွင် သတလ( )မှ (၃၀)ရာခိုင်နှုန်းနှင့် ကန်ထရိုက်တာ မှ (၇၀)ရာခိုင်နှုန်းအချိုးဖြင့် အောက်ပါအတိုင်း ခွဲဝေယူရမည်-

| | | | |
|---|---|---|---|
| ထုတ်ကုန်ပစ္စည်း | = | ဓာတ်သတ္တုခွန် | +ကျန်------------ |
| (          ) | = | ၃ %၊ ၄% | + ၉၇%၊ ၉၆% |
| (၁၀၀) တန် | = | (၃)တန်/၄တန် | +(၉၇)တန်/ ၉၆တန် |
| ကျန်--------------- | = | သတလ(   ) | + ကန်ထရိုက်တာ |
| (          ) | = | ၃၀% | + ၇၀% |
| (၉၇) တန် | = | (၂၉.၁)တန် | + (၆၇.၉)တန် |
| (၉၆)တန် | = | (၂၈.၈)တန် | + (၆၇.၂)တန် |

၁၂-၂။ ထုတ်လုပ်မှုအပေါ်ခွဲဝေခံစားမှုအရ သတလ(        )သည် ဓာတ်သတ္တုပစ္စည်း (In Kind) ကိုသော်လည်းကောင်း၊ အပိုင်း(၁၃)၊ အပိုဒ် ၁၃ တွင်ဖော်ပြထားသည့်ဈေးနှုန်းဖြင့် ဝန်ကြီးဌာနမှ အတည်ပြုထားသော ငွေသား (In Cash) ကိုသော်လည်း ကောင်း ရယူ နိုင်သည်။

## အပိုင်း(၁၃)
## ထုတ်ကုန်ပစ္စည်းတန်ဖိုးသတ်မှတ်ခြင်း

၁၃။ သတလ( )မှအချိုးကျရရှိမည့် စက်မှုတွင်းထွက်ကုန်ကြမ်းနှင့် ဓာတ်သတ္တုခွန်အတွက်ရရှိသည့် စက်မှုတွင်းထွက်ကုန်ကြမ်း အားလုံးတို့၏ တစ်တန်တွင်းဝတန်ဖိုး ကာလပေါက်ဈေးနှုန်းအား ပူးတွဲစီမံခန့်ခွဲရေး ကော်မတီ၏ ထောက်ခံချက်ဖြင့် လည်းကောင်း၊ သတ္တုများကို ရောင်းချရာ၌ LME ဈေးနှုန်းကို အခြေခံ၍ ဦးစီးဌာနမှ တွက်ချက်ထားသော ဈေးနှုန်းထောက်ခံချက်ဖြင့်လည်းကောင်း **သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**၊ စီမံခန့်ခွဲရေး ကော်မတီသို့ တင်ပြဆုံးဖြတ် သတ်မှတ်ရမည်။

## အပိုင်း(၁၄)
## သိုလှောင်ခြင်း၊ လွှဲပြောင်းခြင်းနှင့် သယ်ယူရောင်းချခြင်း

၁၄-၁။ ထုတ်လုပ်ရရှိသော သတ္တု/သတ္တုသန့်စင်များကို ကန်ထရိုက်တာသည် လုံခြုံရေးစိတ်ချရသော နေရာ၊ သိုလှောင်ခန်းတို့တွင် နှစ်ဖက်ညှိနှိုင်းသတ်မှတ်ထားသည့် လုံခြုံမှုအစီအမံအရ သေချာစွာ ထည့်သွင်းထားရမည်။

၁၄-၂။ သတလ(    )မှ အချိုးကျရရှိမည့် ဓာတ်သတ္တုများကို လိုအပ်ပါက သတလ(    )မှ သတ်မှတ်ထားသော နေရာတွင် ကန်ထရိုက်တာမှ လွှဲပြောင်းပေးရမည်။

၁၄-၃။ အပိုဒ် ၁၂-၁ အရ ကန်ထရိုက်တာမှ အချိုးကျရရှိသော ဓာတ်သတ္တုများ သယ်ယူခြင်းကို ဝန်ကြီးဌာန လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်တွင်း၌လွတ်လပ်စွာ ဆောင်ရွက်နိုင်သည်။

၁၄-၄။ သတလ( )မှ အချိုးကျရရှိသော ဓာတ်သတ္တုများ အားလုံးကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း၊ အပိုဒ် ၁၃ ပါ တန်ဖိုးသတ်မှတ်ချက်အတိုင်း ကန်ထရိုက်တာသို့ ရောင်းချနိုင်သည်။

**အပိုင်း(၁၅)**

**အခွန်အကောက်များ**

၁၅-၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရမှ အခါအားလျော်စွာ သတ်မှတ်ပြဋ္ဌာန်းထားသော အခွန် အကောက်များကို တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ ကန်ထရိုက်တာမှ ပေးဆောင်ရမည်။

၁၅-၂။ သတလ( )သည် ကန်ထရိုက်တာမှ ပေးဆောင်ရန်ရှိသည့် ဝင်ငွေခွန်နှင့် အခြားအခွန်အကောက်များကို တည်ဆဲအခွန်အကောက်ဆိုင်ရာ ဥပဒေပါအတိုင်း သက်သာခွင့်ရရှိရေးကို ကူညီဆောင်ရွက်ပေးရမည်။

**အပိုင်း(၁၆)**

**အာမခံထားရှိခြင်း**

၁၆။ ကန်ထရိုက်တာသည် မြန်မာ့အာမခံဥပဒေအရ လိုအပ်သော အာမခံများထားရှိရမည်။

**အပိုင်း(၁၇)**

**လုပ်ငန်းသုံးစက်ပစ္စည်းကိရိယာများ**

၁၇-၁။ ကန်ထရိုက်တာသည် ဤလုပ်ငန်းသဘောတူစာချုပ်အရ ဆောင်ရွက်မည့် တူးဖော်မှုလုပ်ငန်းအတွက် အသုံးပြုမည့် စက်၊ စက်ပစ်စည်းများ၊ ယာဉ်ယန္တရားများကို ပြည်ပမှ တင်သွင်းရန်ရှိပါက၊ ဝန်ကြီးဌာနသို့ တင်ပြပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ သဘောတူခွင့်ပြုချက်ရရှိမှသာ တင်သွင်းခွင့်ရှိသည်။

၁၇-၂။ အပိုဒ် ၁၇-၁ အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း တင်သွင်းလာသည့် စက်ပစ္စည်း၊ ကိရိယာများကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ သဘောတူညီချက်မရဘဲ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း ပြန်လည်ရောင်းချခြင်းမပြုရ။

**အပိုင်း(၁၈)**

**အဆိုပြုငွေ**

၁၈။ ကန်ထရိုက်တာသည် အဆိုပြုငွေအဖြစ် လုပ်ကွက်(၁)ကွက် အတွက် မြန်မာကျပ်---------------/-(ကျပ်------------ ----တိတိ) ကို ဤ သဘောတူစာချုပ် မချုပ်ဆိုမီ ပေးသွင်းရမည်။

## အပိုင်း(၁၉)

## ငွေပေးချေခြင်း

၁၉-၁။ ကန်ထရိုက်တာသည် ဤလုပ်ငန်းသဘောတူစာချုပ်အရ သတလ( )သို့ ပေးသွင်းရန်ရှိသော ငွေများ၊ အခွန်အခများကို သတလ( ) မှသတ်မှတ်ပေးထားသော မြန်မာနိုင်ငံအတွင်းရှိ အစိုးရဘဏ်တွင် ပေးချေရန် ကျရောက်သည့်နေ့မှ ရက်ပေါင်း(၃၀) အတွင်းပေးသွင်းရမည်။

၁၉-၂။ အကယ်၍ ကန်ထရိုက်တာသည် အပိုဒ် ၁၉-၁ပါ ပေးသွင်းရန် ရှိသောငွေများကို ပေးသွင်းရန် ပျက်ကွက်ခဲ့လျှင် သတလ( )က ကန်ထရိုက်တာသို့ရက်ပေါင်း (၉၀) အတွင်း စာဖြင့် (၃)ကြိမ်တိုင် အသိပေးနိုးဆော် အကြောင်းကြားရန်ဖြစ်ပြီး ဆက်လက် ပျက်ကွက်နေပါက မြန်မာ့သတ္တုတွင်းနည်းဥပဒေများ၏ နည်းဥပဒေ ၂၁၁ နည်းဥပဒေခွဲ (က)နှင့်အညီ ဝန်ကြီးဌာနသို့တင်ပြ၍ ခွင့်ပြုမိန့်ကို ဆိုင်းငံ့ထားစေခြင်း(သို့မဟုတ်) ပယ်ဖျက်ခြင်းပြုနိုင်သည်။

## အပိုင်း(၂၀)

## အငြင်းပွားမှု ဖြေရှင်းခြင်း

၂၀။ ဤလုပ်ငန်းသဘောတူစာချုပ်နှင့်ပတ်သက်၍ အငြင်းပွားမှုတစ်စုံတစ်ရာပေါ်ပေါက်လာပါက နှစ်ဦးနှစ်ဖက် ပြေလည်စွာ ညှိနှိုင်းဖြေရှင်းရမည်။ ထိုသို့ဖြေရှင်း၍မရပါက ထိုအငြင်းပွားမှုကို ၂၀၁၆ ခုနှစ် ပြည်ထောင်စု လွှတ်တော်ဥပဒေအမှတ် ၅ ဖြင့် ပြဋ္ဌာန်းသည့် အနုညာတစီရင်ဆုံးဖြတ်ခြင်း ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ရမည်။ အနုညာတစီရင်ဆုံးဖြတ်မည့်နေရာသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နေပြည်တော်ဖြစ်စေရမည်။

## အပိုင်း(၂၁)

## စီမံခန့်ခွဲခြင်း

၂၁-၁။ **ပူးတွဲစီမံခန့်ခွဲရေးကော်မတီ**

(က) သတလ( )နှင့် ကန်ထရိုက်တာတို့ ကိုယ်စားလှယ်များပါဝင်သော ပူးတွဲစီမံခန့်ခွဲရေးကော်မတီတစ်ခု ဖွဲ့စည်းရမည်။ ၎င်းကော်မတီတွင် အဖွဲ့ဝင်(၅)ဦးပါဝင်ပြီး သတလ( ) ဦးဆောင် ညွှန်ကြားရေးမှူးသည် ဥက္ကဋ္ဌ ဖြစ်စေရမည်။ ကန်ထရိုက်တာမှအဖွဲ့ဝင်(၂)ဦး ပါဝင်စေလျက် သတလ( )မှ အဖွဲ့ဝင် (၃)ဦး ပါဝင်စေရမည်။ ဥက္ကဋ္ဌမှ ကော်မတီအတွင်းရေးမှူးတစ်ဦးကိုခန့်ထားရမည်။ လိုအပ်ပါကနှစ်ဦးနှစ်ဖက်ညှိနှိုင်း၍ ပူးတွဲစီမံခန့်ခွဲရေး ကော်မတီ အဖွဲ့ဝင်ကို ထပ်မံတိုးချဲ့ ဖွဲ့စည်းနိုင်သည်။

(ခ) ကော်မတီသည် နေပြည်တော် (သို့မဟုတ်)နှစ်ဖက်သဘောတူညီမှုရရှိထားသော အခြား သင့်လျော်ရာ နေရာတွင် (၆)လတစ်ကြိမ် တွေ့ဆုံညှိနှိုင်းဆွေးနွေးရမည်။ လိုအပ်ပါက ဥက္ကဋ္ဌသည် ဤကော်မတီ၏ အစည်းအဝေးကို အချိန်မရွေး ခေါ်ယူနိုင်သည်။

(ဂ) ကော်မတီဝင်များအတွက် အခကြေးငွေများ(သို့မဟုတ်) အခြားစရိတ်များကို ပူးတွဲ စီမံခန့်ခွဲရေး ကော်မတီ၏ အဆုံးအဖြတ်ဖြင့်သာ သတ်မှတ်ဆောင်ရွက်ရမည်။ ယင်းအခကြေးငွေကို ကန်ထရိုက် တာမှ ကျခံရမည်။

(ဃ) ကော်မတီသည် ဤစာချုပ်အရ ဓာတ်သတ္တုတူးဖော်ထုတ်လုပ်မှုနှင့် ပတ်သက်သော လုပ်ငန်းစဉ်များ၊ နည်းပညာဆိုင်ရာ ကိစ္စရပ်များ၊ စီမံခန့်ခွဲမှုကိစ္စများ၊ ရောင်းချမှု ကိစ္စရပ်များအပါအဝင် ဤလုပ်ငန်းသဘောတူစာချုပ်ပါ လုပ်ငန်းအရပ်ရပ်ကို ညှိနှိုင်း ဆွေးနွေး ဆောင်ရွက်ရမည်။

(င) ကော်မတီ၏ ညှိနှိုင်းဆုံးဖြတ်ချက်များကို သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီသို့ တင်ပြအတည်ပြုချက်ရယူ ဆောင်ရွက်ရမည်။

၂၁-၂။ **လုပ်ငန်း စီမံခန့်ခွဲခြင်း**

(က) ကန်ထရိုက်တာသည် နေ့စဉ်လုပ်ငန်းရပ်များ ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်နိုင်ရန် အတွက်သတ်မှတ်သော အရည်အချင်းနှင့် ပြည့်စုံသည့်ကျွမ်းကျင်ပြီး အတွေ့အကြုံရှိသူ တစ်ဦးအား အထွေထွေမန်နေဂျာအဖြစ်ခန့်ထားရမည်။ အထွေထွေမန်နေဂျာသည် ပူးတွဲစီမံခန့်ခွဲရေး ကော်မတီမှ သတ်မှတ်ပေးထားသော စည်းမျဉ်းဘောင်အတွင်းမှ လုပ်ငန်းအစီအစဉ်များကို အပြည့်အဝတာဝန်ယူ၍ ကြီးကြပ် ကွပ်ကဲ ဆောင်ရွက်ရမည်။

(ခ) ကန်ထရိုက်တာသည် အောက်ပါတာဝန်နှင့်လုပ်ပိုင်ခွင့်များကို အထွေထွေမန်နေဂျာအား ကြီးကြပ် လမ်းညွှန် ပေး၍ လုပ်ကိုင်ဆောင်ရွက်စေရမည်-

(၁) နှစ်စဉ်ငွေကြေးအသုံးစရိတ် ခန့်မှန်းခြေများ ပြုစုရေးဆွဲခြင်းနှင့် လုပ်ငန်းစဉ် များအရ၊ ပြန်လည်ပြုပြင်ထားသည့် အသုံးစရိတ် ခန့်မှန်းခြေများ ပြုစုရေးဆွဲ ခြင်း။

(၂) လုပ်ငန်းကိစ္စအဝဝနှင့်သက်ဆိုင်သော သုံးလပတ်အစီရင်ခံစာနှင့် နှစ်ချုပ် အစီရင်ခံစာများ ရေးဆွဲခြင်း။

(၃) လုပ်ငန်းအတွက် လိုအပ်သောဝန်ထမ်းနှင့် လုပ်သားများကို သတလ(      )၏ သဘောတူညီမှု ဖြင့်ဖြည့်စွက်ခြင်း၊ ခန့်ထားခြင်း။

(၄) လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကောင်းမွန်စေရေး၊ လုပ်ငန်းခွင် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲမှု အစီအစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်စေခြင်း။

**အပိုင်း(၂၂)**

**လုပ်ငန်းများ ကြီးကြပ်ဆောင်ရွက်ခြင်း**

၂၂-၁။ ကန်ထရိုက်တာသည် လုပ်ငန်းကာလအတွင်း သတလ( )မှ ကိုယ်စားလှယ်နှစ်ဦးထားရှိရန် သဘောတူရမည်။ ယင်းကိုယ်စားလှယ်များ၏ နေထိုင်သွားလာရေး၊ စားသောက်ရေးနှင့် ပူးတွဲစီမံခန့်ခွဲရေးကော်မတီမှ သတ်မှတ် ပေးထားသော လစဉ်ထောက်ပံ့ကြေးငွေများကို ကန်ထရိုက်တာမှ စီမံဆောင်ရွက်ပေးရမည်။

၂၂-၂။ သတလ( )ကိုယ်စားလှယ်များအား ဤလုပ်ငန်းသဘောတူစာချုပ်ပါ လုပ်ကိုင်ခွင့်ရှိသော လုပ်ကွက်များ၌ ထူထောင်မှုလုပ်ငန်းများ၊ ထုတ်လုပ်မှုလုပ်ငန်းများကို ဤလုပ်ငန်းသဘောတူ စာချုပ်ပါအတိုင်း ကြီးကြပ် ဆောင်ရွက်စေရမည်။ ကိုယ်စားလှယ်များသည် ပုံမှန်လုပ်ငန်း ဆောင်ရွက်နေမှုများကို ဝင်ရောက်စွက်ဖက်မှု မျိုးမဖြစ်စေရ။

၂၂-၃။ ဝန်ကြီးဌာနမှ တာဝန်ပေးအပ်ထားသောစစ်ဆေးရေးအရာရှိများသည် လိုအပ်ပါက သင့်လျော်သည့်အချိန်တွင် ဤလုပ်ငန်းသဘောတူစာချုပ်အရ လုပ်ကိုင်ခွင့်ရှိသော ဧရိယာအတွင်းရှိ လုပ်ငန်းများအား ဝင်ရောက် စစ်ဆေးခွင့်ရှိသည်။ ကန်ထရိုက်တာသည် အထက်ဖော်ပြပါ ပုဂ္ဂိုလ်များမှ ကန်ထရိုက်တာ၏ လုပ်ငန်းများ နှင့်ပတ်သက်သော နည်းပညာပိုင်းဆိုင်ရာနှင့် ထုတ်လုပ်မှုလုပ်ငန်းဆိုင်ရာ အချက်အလက်များ၊ စာရင်းဇယားများ တောင်းခံလာပါက ဆောလျင်စွာကူညီပံ့ပိုးပေးရမည်။

**အပိုင်း(၂၃)**

**အာမခံစပေါ်ငွေ**

၂၃-၁။ ကန်ထရိုက်တာသည် ဤလုပ်ငန်းသဘောတူစာချုပ် မချုပ်ဆိုမီ အာမခံစပေါ်ငွေအဖြစ် လုပ်ကွက်(၁)ကွက် အတွက် မြန်မာကျပ်......../- (ကျပ်............တိတိ) နှုန်းဖြင့် နေပြည်တော်၊ မြန်မာ့စီးပွားရေးဘဏ်၊ သတလ( ) ငွေစာရင်းသို့ ပေးသွင်းရမည်။ အာမခံစပေါ်ငွေကို လုပ်ငန်းသဘောတူ စာချုပ်သက်တမ်း တိုးမြှင့်သည့်ကာလအထိ (သို့မဟုတ်) ကန်ထရိုက်တာမှ လုပ်ငန်းသဘောတူစာချုပ်ပါ တာဝန် ဝတ္တရားများ အားလုံးဆောင်ရွက် ပြီးစီးသည်အထိ လုပ်ငန်း သဘောတူစာချုပ် သက်တမ်း တစ်လျှောက်ထားရှိရမည်။

၂၃-၂။ ဤလုပ်ငန်းသဘောတူစာချုပ်ပါ သဘောတူညီချက်များအတိုင်း ဆောင်ရွက်ရန် ကန်ထရိုက်တာမှ ပျက်ကွက်ခဲ့လျှင် အပိုင်း(၂၄)ပါအတိုင်း စာချုပ်ကိုရုပ်စဲ၍ သတလ( )မှ အာမခံစပေါ်ငွေအားလုံးကိုသိမ်းယူနိုင်သည်။ လုပ်ငန်းသဘောတူစာချုပ်သက်တမ်း ကုန်ဆုံးလျှင်သော်လည်းကောင်း၊ ကန်ထရိုက်တာ၏အပြစ်ကြောင့် မဟုတ်ဘဲတစ်စုံတစ်ရာသော အကြောင်းကြောင့် နှစ်ဖက်လုပ်ငန်းသဘောတူစာချုပ် ဖျက်သိမ်းလျှင်သော်လည်းကောင်း၊ သတလ( )သည် ကန်ထရိုက်တာမှပေးရန် ကျန်ရှိသော ကြွေးမြီများကိုနှုတ်ယူ၍ ကျန်သော အာမခံစပေါ်ငွေကို ကန်ထရိုက်တာသို့ ပြန်လည်ထုတ်ပေးရမည်။

**အပိုင်း(၂၄)**

**စာချုပ်ရုပ်စဲခြင်း**

၂၄-၁။ ဤလုပ်ငန်းသဘောတူစာချုပ်ကို အောက်ဖော်ပြပါအချက်အလက်များအနက် တစ်ခုခုဖြစ်ပေါ်လာပါက မည်သည့်ဘက်ကမဆို ရက်ပေါင်း(၉၀) ကြိုတင်သတိပေးပြီး၊ ဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် စာချုပ်ရုပ်စဲနိုင်သည်-

(က) တူးဖော်ထုတ်လုပ်မှုလုပ်ငန်းသည် နှစ် နှစ် ဆက်တိုက် အရှုံးပေါ်ပေါက်နေခြင်း။

(ခ) လုပ်ငန်းသဘောတူစာချုပ်ပါ စည်းကမ်းချက်တစ်ရပ်ရပ်အား စာချုပ်ဝင်တစ်ဖက်ဖက်မှဖောက်ဖျက်ခြင်း။

(ဂ) မလွန်ဆန်နိုင်သောဖြစ်ရပ်တစ်ခုသည်(၆)လထက်ကျော်လွန်၍တစ်ဆက်တည်း ဖြစ်ပွားနေခြင်း။

(ဃ) လုပ်ငန်းသဘောတူစာချုပ် လက်မှတ်ရေးထိုးသည့်နေ့မှ (၆) လအတွင်းလုပ်ငန်းများ စတင်ဆောင်ရွက်နိုင်မှုမရှိခြင်း။

(င) စာချုပ်ပါ လုပ်ငန်းဆောင်ရွက်ခွင့်ပြုထားသော လုပ်ကွက်မြေနေရာ ပိုင်ဆိုင်မှုနှင့် စပ်လျဉ်း၍ အရှုပ်အရှင်း တစ်စုံတစ်ရာဖြစ်ပွားခြင်း။

(စ) လုပ်ငန်းသဘောတူစာချုပ် သက်တမ်းကုန်ဆုံးခြင်း။

၂၄-၂။ ဤလုပ်ငန်းသဘောတူစာချုပ်၌ တစ်စုံတစ်ရာ ပါဝင်မှုမရှိစေကာမူ နှစ်ဦးနှစ်ဖက်ညှိနှိုင်းပြီး၊ စာဖြင့်ရေးသား ထားသော သဘောတူညီချက်ရယူ၍ ဝန်ကြီးဌာန၏အတည်ပြုချက်ဖြင့် ဤလုပ်ငန်းသဘောတူစာချုပ်ကို ရုပ်စဲနိုင်သည်။

၂၄-၃။ ဤလုပ်ငန်းသဘောတူစာချုပ်ကို ရုပ်စဲခြင်းအားဖြင့် ဤလုပ်ငန်းသဘောတူစာချုပ်ပါရှေ့ဆက်လက်ဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများ၊ လုပ်ကိုင်ခွင့်များ၊ လုပ်ငန်းဆောင်ရွက်ရန် အချက်အလက်များအားလုံး လုံးဝ ပြီးပြတ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။ သို့ရာတွင် ကန်ထရိုက်တာသည် ပေးရန်တာဝန်များအတွက် ဆက်လက် တာဝန်ရှိစေရမည်။

၂၄-၄။ ဤလုပ်ငန်းသဘောတူစာချုပ်ပါ ကန်ထရိုက်တာ၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း၊ မတည်ငွေရင်းတို့နှင့်စပ်လျဉ်း၍ မည်သည့်နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားအဖွဲ့အစည်းကမျှ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပိုင်ဆိုင်ခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်းမရှိစေရ။ အကယ်၍နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားအဖွဲ့အစည်းက ပိုင်ဆိုင်ကြောင်း သို့မဟုတ် တစ်နည်းနည်းဖြင့် စီမံခန့်ခွဲကြောင်း သက်ဆိုင်ရာက စစ်ဆေးတွေ့ရှိလျှင် ခွင့်ပြုမိန့် ရုပ်သိမ်းခြင်း နှင့် စာချုပ်ရပ်စဲသည်အထိ အရေးယူ ခြင်းခံရမည်။

**အပိုင်း(၂၅)**

**ထိန်းသိမ်းခြင်း**

၂၅။ ကန်ထရိုက်တာသည် ဤလုပ်ငန်းသဘောတူစာချုပ်ပါအချက်အလက်များ၊ စာချုပ်ပါတာဝန်များ၊လုပ်ငန်းအစီအစဉ်များနှင့် အခြားပတ်သက်ရာပတ်သက်ကြောင်း သတင်းအချက်အလက်များကို ဥပဒေနှင့်အညီ ထိန်းသိမ်း ထားရမည်။

**အပိုင်း(၂၆)**

**မှတ်တမ်းများ၊ ငွေစာရင်းများနှင့် စာရင်းစစ်ဆေးခြင်း**

၂၆-၁။ ကန်ထရိုက်တာသည် ဤလုပ်ငန်းသဘောတူစာချုပ်ပါလုပ်ငန်းနှင့်ပတ်သက်သည့် မှတ်တမ်းများ၊ ငွေစာရင်းများစသည်တို့ကို မြန်မာနိုင်ငံစာရင်းကောင်စီမှ ထုတ်ပြန်ထားသည့် Myanmar Accounting Standard များအတိုင်း စာရင်းများထိန်းသိမ်းထားရှိရန် တာဝန်ရှိသည်။ စာရင်းဇယားများကို မြန်မာဘာသာဖြင့် ထားရှိရမည်။

၂၆-၂။ ဤလုပ်ငန်းသဘောတူစာချုပ်အရ သတလ( )သည် ထုတ်လုပ်မှု၊ သိုလှောင်မှု မှတ်တမ်းများနှင့်ပတ်သက်၍ စစ်ဆေးခွင့်ရှိသည်။

၂၆-၃။ သတလ( )သည် လိုအပ်ပါက ပြင်ပမှ စာရင်းစစ်တစ်ဦးကို စစ်ဆေးရန် ခန့်ထားနိုင်သည်။

**အပိုင်း(၂၇)**

**မလွန်ဆန်နိုင်သောဖြစ်ရပ်များ**

၂၇-၁။ **"မလွန်ဆန်နိုင်သောဖြစ်ရပ်ဆိုသည်မှာ"** သဘာဝဘေးအန္တရာယ်ကျရောက်မှု၊ ရေကြောင်းဘေးအန္တရာယ် ကျရောက်မှု၊ သပိတ်မှောက်ခြင်း၊ အလုပ်သမားများ၏ နှောင့်ယှက်မှုများ၊ စစ်ဖြစ်ပွားခြင်း၊ ပိတ်ဆို့မှု၊ ဆူပူမှု၊ ကူးစက်တတ်သောရောဂါဖြစ်ပွားမှု၊ မြေပြိုခြင်း၊ လျှပ်စီးလျှပ်ခြင်း၊ မုန်တိုင်းကျခြင်း၊ မိုးကြိုးပစ်ခြင်း၊ ရေကြီးခြင်း၊ ရေလွှမ်းမိုးခြင်း၊ ပေါက်ကွဲခြင်းများနှင့် အခြားအလားတူထိန်းချုပ်၍ မရနိုင်သောဖြစ်ရပ်များ (သို့မဟုတ်) မည်သည့်ဖက်ကမျှ ကြိုးစားအားထုတ်မှုဖြင့် တားဆီးမရနိုင်သောဖြစ်ရပ်များ ပါဝင်သည်။

၂၇-၂။ ကန်ထရိုက်တာက မိမိလိုက်နာဆောင်ရွက်ရမည့် တာဝန်တစ်စိတ်တစ်ဒေသ ကိုဖြစ်စေ၊ အားလုံးကိုဖြစ်စေ မလွန်ဆန်နိုင်သောဖြစ်ရပ်ကြောင့် ခေတ္တဆိုင်းငံ့ရမည့်အခြေအနေ ပေါ်ပေါက်လာလျှင် (၂၁) ရက် (နှစ်ဆယ့် တစ်ရက်) အတွင်း သတလ( )သို့ စာဖြင့် အကြောင်းကြားရမည်။ ဤသို့ အကြောင်းကြားခြင်းကို သတလ( ) မှ လက်ခံစိစစ်ပြီး ဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် မလွန်ဆန်နိုင်သောဖြစ်ရပ် အချိန်ကာလ အတွက် ဆောင်ရွက်ရမည့် တာဝန်များ ပျက်ကွက်ခြင်း (သို့မဟုတ်) နှောင့်နှေးကြန့် ကြာမှုများကို မလွန်ဆန်နိုင်သော ဖြစ်ရပ်နှင့်အညီ ကင်းလွတ်ခွင့်ပြုရမည်။ ထိုမလွန်ဆန်နိုင်သော အခြေအနေကို အမြန်ဆုံး ကျော်လွှားနိုင်အောင် ဆောင်ရွက်ရမည်။

၂၇-၃။ အပိုဒ်၂၇-၁ ပါ အတိုင်း မလွန်ဆန်နိုင်သောဖြစ်ရပ်ပေါ်ပေါက်မှုကို တစ်ဖက်မှ အသိပေးပြီး နှစ်ဦးနှစ်ဖက်အတည်ပြု လက်ခံထားသောဖြစ်ရပ်မှ ပေါ်ပေါက်လာသည့်ကြန့်ကြာမှု၊ ဆုံးရှုံးမှုများ အတွက် မည်သည့်ဘက် တွင်မှ တာဝန်မရှိစေရ။

## အပိုင်း(၂၈)

## အခြားဓာတ်သတ္တုပစ္စည်းများတွေ့ရှိခြင်း

၂၈-၁။ ဤလုပ်ငန်းသဘောတူစာချုပ်အရ --------- တူးဖော်ထုတ်လုပ်နေစဉ် ---------မှအပ အခြားသော ဓာတ်သတ္တုပစ္စည်းများ၊ အဖိုးတန်ဓာတ်သတ္တုများဖြစ်သည့် ရွှေ၊ ပလက်တီနမ် နှင့် ကျောက်မျက်ရတနာများ၊ ရှေးဟောင်းပစ္စည်းများတစ်ခုခုကို မိမိလုပ်ကွက်အတွင်း၌ တူးဖော်တွေ့ရှိပါက ထိုသို့တွေ့ရှိကြောင်း ကန်ထရိုက်တာက သတလ( )သို့ ချက်ချင်း အကြောင်းကြားပြီး နိုင်ငံတော်သို့ အပ်နှံရမည်။ တူးဖော်တွေ့ရှိသော ---------မှအပ အခြား ဓာတ်သတ္တုပစ္စည်းများ၊ အဖိုးတန်ဓာတ်သတ္တုများဖြစ်သည့် ရွှေ၊ ပလက်တီနမ်နှင့် ကျောက်မျက်ရတနာများ၊ ရှေးဟောင်းပစ္စည်းများသည် နိုင်ငံတော်ပိုင်ဖြစ်ပြီး ကန်ထရိုက်တာ နှင့် လုံးဝမသက်ဆိုင်စေရ။

၂၈-၂။ အကယ်၍ ကန်ထရိုက်တာသည် -----------တူးဖော်ရန် လုပ်ကိုင်ခွင့်ရရှိသော ဧရိယာအတွင်း လုပ်ငန်း ဆောင်ရွက်နေစဉ် ယူရေနီယံကဲ့သို့ (Radioactive Mineral) သတ္တုများ၊ နိုင်ငံတော်အစိုးရကသာ လုပ်ကိုင်ခွင့်ရှိသော မဟာဗျူဟာမြောက်ဓာတ်သတ္တုများတွေ့ရှိပါက နိုင်ငံတော်ကသာလုပ်ကိုင်ခွင့်ရှိသည်။ ယင်းအပြင် အခြားဓာတ်သတ္တုကိုတွေ့ရှိရ၍ ယင်း ဓာတ်သတ္တုကိုလည်း တူးဖော်လုပ်ကိုင်လိုပါက ဆက်လက်လုပ်ဆောင်လိုသည်များကို ကန်ထရိုက်တာနှင့် သတလ( )တို့ညှိနှိုင်း၍ ဝန်ကြီးဌာန၏ အတည်ပြုခွင့်ပြုချက်ဖြင့်သာ ဆက်လက်ဆောင်ရွက်ရမည်။

## အပိုင်း(၂၉)

## လွှဲပြောင်း၍ မရနိုင်သော အခွင့်အရေး

၂၉။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏လွှဲပြောင်း၍မရနိုင်သော နိုင်ငံတော်၏ မြေပေါ် မြေအောက်၊ ရေပေါ်ရေအောက် သယံဇာတများကို တစ်ဦးတည်း ပိုင်ဆိုင်ခွင့်နှင့်မူလဘူတ အခွင့်အရေးကျင့်သုံးခြင်းကိုစာချုပ်ပါဝင်များ၏ အနုညာတဖြေရှင်းရန် တင်ပြသည့် သဘော တူညီချက်အပါအဝင် ဤလုပ်ငန်းသဘောတူ စာချုပ်ပါ မည်သည့် ပြဋ္ဌာန်းချက်ကမျှ တားမြစ် ခြင်း သို့မဟုတ် ကန့်သတ်ခြင်း မပြုနိုင်။

## အပိုင်း(၃၀)

## အထွေထွေ

၃၀-၁။ ဤလုပ်ငန်းသဘောတူစာချုပ်အား နှစ်ဦးနှစ်ဖက်သဘောတူလက်မှတ်ရေးထိုးပြီးပါက ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ မှတ်တမ်းတင်ရန် ပေးပို့ရမည်။

၃၀-၂။ ကန်ထရိုက်တာသည် သတလ( )သို့ ထုတ်လုပ်မှုကာလအတွင်း ပေးသွင်းရမည့် ထုတ်လုပ်မှု အချိုး၊ ငွေများ၊ အခွန်အခများကို အပြည့်အဝ သို့မဟုတ် တစ်စိတ်တစ်ပိုင်း ပေးသွင်းရန် ပျက်ကွက်ပါက တည်ဆဲဥပဒေများ၊ လုပ်ငန်းသဘောတူစာချုပ်တွင် ပါရှိသည့် စည်းကမ်း သတ်မှတ်ချက်များအတိုင်းအရေးယူခံရမည့်အပြင် ကန်ထရိုက်တာအား သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် သက်ဆိုင်သော မည်သည့် လုပ်ငန်းကိုမျှ လုပ်ကိုင်ဆောင်ရွက်ခွင့် ပြုမည် မဟုတ်ပါ။

၃၀-၃။ ဤလုပ်ငန်း သဘောတူစာချုပ် သက်တမ်းကုန်ဆုံးလျှင် သော်လည်းကောင်း၊ စာချုပ် ရပ်စဲလျှင်သော် လည်းကောင်း၊ ကန်ထရိုက်တာမှ ပေးသွင်းရန်ရှိသော ငွေများ၊ အခွန် အခများ ကို မြေခွန်မပြေကျန်ငွေ ဖြစ်ဘိသကဲ့သို့ ပြီးပြတ်သည်အထိ ကန်ထရိုက်တာမှ တာဝန်ယူ အပြည့်အဝ ရှင်းလင်း ပေးသွင်းရမည်။ ခွင့်ပြုမိန့်အား သတလ ( )မှတစ်ဆင့် ဝန်ကြီး ဌာနသို့ပြန်လည်အပ်နှံရမည်။ ခွင့်ပြုမိန့်အားပြန်လည်အပ်နှံရန်ပျက်ကွက်ပါက ကန်ထရိုက်တာ အားသယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန နှင့်သက်ဆိုင်သော မည်သည့် လုပ်ငန်းကိုမျှ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုမည်မဟုတ်ပါ။

၃၀-၄။ ဤလုပ်ငန်းသဘောတူစာချုပ်သည်သာလျှင် နှစ်ဦးနှစ်ဖက်အတည်ပြုထားသော သဘော တူညီချက်ဖြစ်သည်။ ဤကိစ္စနှင့်ပတ်သက်၍ ယခင်ကနှုတ်ဖြင့်သော်လည်းကောင်း၊ စာဖြင့် သော်လည်းကောင်း သဘောတူညီချက်ရှိခဲ့လျှင် ထိုသဘောတူညီချက်များသည် ဆက်လက်၍ အကျိုးသက်ရောက်မှုမရှိစေရ။

၃၀-၅။ ဤလုပ်ငန်းသဘောတူစာချုပ် သက်တမ်းကုန်ဆုံးသောနေ့တွင် သက်တမ်းတိုးမှုမရှိပါက ဤလုပ်ငန်းသဘောတူစာချုပ် အလိုအလျောက်ပျက်ပြယ်ပြီး ဖြစ်စေရမည်။

၃၀-၆။ ဤလုပ်ငန်းသဘောတူစာချုပ်နှင့်ပတ်သက်၍ အကြောင်းကြားစာနှင့် အခြား ဆက်သွယ်မှုများကို စာတိုက်၊ စကားပြောကြေးနန်း၊ တဲလက်စ်၊ ဖက်စ်၊ ကြိုးမဲ့ကြေးနန်း၊ ကြေးနန်းတို့ဖြင့် ပေးပို့သူကကျသင့်ငွေကြိုတင်ပေးချေ၍ပေးပို့ရမည်။ ထိုသို့ဆက်သွယ်ရာတွင် အောက်ဖော်ပြပါ လိပ်စာများအတိုင်း ဆက်သွယ်ဆောင်ရွက်ရမည်။

| <u>**အမှတ်( )သတ္တုတွင်းလုပ်ငန်း**</u> | <u>**ကန်ထရိုက်တာ**</u> |
|---|---|
| ဦးဆောင်ညွှန်ကြားရေးမှူး | မန်နေးဂျင်းဒါရိုက်တာ |
| အမှတ်( )သတ္တုတွင်းလုပ်ငန်း | --------------------ကုမ္ပဏီလီမိတက် |
| နေပြည်တော် | ---------------------------- |
| ဖုန်း - | ဖုန်း - |
| ဖက်စ် - | ဖက်စ်- |

၃၀-၇။ တစ်ဖက်မှ တစ်ဖက်သို့ ဆက်သွယ်သောစာများကို လက်ခံရရှိကြောင်း ပြန်ကြားရမည်။

**စာချုပ်အား လွှဲပြောင်းခြင်း**

၃၀-၈။ ကန်ထရိုက်တာသည်သတလ( )နှင့်ဝန်ကြီးဌာန၏ ကြိုတင်သဘောတူခွင့်ပြုချက် မရဘဲ၊ ဤလုပ်ငန်းသဘောတူ စာချုပ်ပါ တာဝန်ဝတ္တရားအားလုံးအား အခြားပုဂ္ဂိုလ် အဖွဲ့အစည်းများသို့ လွှဲပြောင်းခြင်း (သို့မဟုတ်) လုပ်ငန်း တစ်စိတ်တစ်ဒေသကို အပ်နှံဆောင်ရွက်စေခြင်းတို့ကို မပြုလုပ်ရ။

**စာချုပ်အားပြင်ဆင်ဖြည့်စွက်ခြင်း**

၃၀-၉။ ဤလုပ်ငန်းသဘောတူစာချုပ်အား စာချုပ်ဝင်နှစ်ဦးနှစ်ဖက်၏စာဖြင့် သဘောတူညီမှုမပါဘဲ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း လုံးဝမပြုလုပ်ရ။ ဤလုပ်ငန်းသဘောတူစာချုပ်အား ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းများသည် ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိမှသာလျှင် အတည်ဖြစ်စေရမည်။

၃၀-၁၀။ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်လုပ်ငန်းသဘောတူစာချုပ်ပါ သတ်မှတ်ပြဋ္ဌာန်းချက်များသည် မြန်မာ့သတ္တုတွင်းကဏ္ဍ၏ လက်ရှိအခြေအနေ၊ ရပ်တည်ချက်များနှင့် ကိုက်ညီစေရန်နှင့် ထုတ်လုပ်မှုလုပ်ငန်းအတွက် ပိုမိုထိရောက်လုံလောက်မှုရှိစေရန်အလို့ငှာ နှစ်ဖက်စာချုပ်ဝင်များမှ (၃)နှစ်လျှင်တစ်ကြိမ် ပြန်လည် သုံးသပ်စိစစ်ရမည်။

**စာချုပ်အား ပြန်လည်ညှိနှိုင်းခြင်း**

၃၀-၁၁။ဤလုပ်ငန်းသဘောတူစာချုပ် သက်တမ်းအတွင်း၌ ကန်ထရိုက်တာနှင့် သတလ( )တို့သည် ကြိုတင်မမျှော် မှန်းနိုင်သော အခြေအနေတစ်ခုခု ပေါ်ပေါက်လာပါက နှစ်ဦးနှစ်ဖက်စာဖြင့် သဘောတူညီချက်ရယူ၍ ဤလုပ်ငန်းသဘောတူစာချုပ်ကိုပြင်ဆင်နိုင်သည်။ ထိုသို့

ပြင်ဆင်ချက်အား ဝန်ကြီးဌာနသို့ တင်ပြ၍ခွင့်ပြုချက်ရယူရမည်။ သို့သော် လုပ်ငန်းသဘောတူစာချုပ်၏ မူလရည်ရွယ်ချက်အား ပျက်ပြယ်သွားခြင်း မရှိစေရ။

၃၀-၁၂။ဤလုပ်ငန်းသဘောတူစာချုပ်ပါ နောက်ဆက်တွဲများသည် ဤလုပ်ငန်းသဘောတူစာချုပ်၏ အစိတ်အပိုင်း တစ်ရပ်ဖြစ်စေရမည်။

**အပိုင်း(၃၁)**

**အကျိုးသက်ရောက်မှု**

၃၁။ ဤလုပ်ငန်းသဘောတူစာချုပ်သည် **သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန**၊ စီမံခန့်ခွဲရေးကော်မတီ၏ ( ) အစည်းအဝေးမှသဘောတူခွင့်ပြုချက်အရ ဓာတ်သတ္တုအကြီးစား ထုတ်လုပ်ရန် ခွင့်ပြုမိန့်ပါ လုပ်ငန်းဆောင်ရွက်ခွင့်ပြုသည့် ၂၀ ခုနှစ် ၊ လ( )ရက်နေ့မှစ၍ သက်ဝင် အကျိုးသက်ရောက်ရမည်။

**အပိုင်း(၃၂)**

**အစစ်အမှန်ဖြစ်ခြင်း**

၃၂။ ဤလုပ်ငန်းသဘောတူစာချုပ်အား မြန်မာဘာသာဖြင့် ရေးသားပြီး မူရင်း (၂) အုပ်သာရှိ၍ တစ်ဖက်စီ၌ (၁) အုပ်စီ ထားရှိရမည်။ ဤလုပ်ငန်းသဘောတူစာချုပ်ကို ----- ရက်၊ ------လ ----------ခုနှစ်တို့တွင် အောက်ပါ အသိသက်သေများ ရှေ့မှောက်၌ သဘောတူလက်မှတ်ရေးထိုးကြပါသည်။

| | | | |
|---|---|---|---|
| အမှတ် ( )သတ္တုတွင်းလုပ်ငန်း(ကိုယ်စား) | | ------------ကုမ္ပဏီလီမိတက်(ကိုယ်စား) | |
| လက်မှတ်၊ | ---------------------- | လက်မှတ်၊ | ------------------------ |
| အမည်၊ | ------------------------- | အမည်၊ | -------------------------- |
| ရာထူး၊ | ဦးဆောင်ညွှန်ကြားရေးမှူး | ရာထူး၊ | မန်နေးဂျင်းဒါရိုက်တာ |
| ဌာန၊ | အမှတ်( )သတ္တုတွင်းလုပ်ငန်း<br>**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်**<br>**ထိန်းသိမ်းရေးဝန်ကြီးဌာန၊** | ဌာန၊ | --------------ကုမ္ပဏီလီမိတက် |

ကျွန်ုပ်တို့၏ရှေ့မှောက်တွင် လက်မှတ်ရေးထိုးပါသည်။
အသိသက်သေများ

| | | | |
|---|---|---|---|
| လက်မှတ်၊ | ---------------------- | လက်မှတ်၊ | ------------------------ |
| အမည်၊ | ------------------------- | အမည်၊---------------------------- | |

| | | | |
|---|---|---|---|
| ရာထူး၊ | ညွှန်ကြားရေးမှူး | ရာထူး၊ | ဒါရိုက်တာ |
| ဌာန၊ | အမှတ်(    )သတ္တုတွင်းလုပ်ငန်း **သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊** | ဌာန၊ | --------------ကုမ္ပဏီလီမိတက် |